


# စာ

"နင့်အတွက် စာတစောင် ရောက်နေတယ်"... နေ့လည်စာအပြီး ပုဂံခွက်များကို ဆေးကြောနေသော ကျွန်မအား သူမနောက်မှ အိမ်ရှေ့ တံခါး ပိတ်သွားစဉ် အစ်မဖြစ်သူက လှမ်း၍ အော်ပြောလိုက်သည်။ ကျွန်မလက်များ ကို လက်သုတ်ပဝါဖြင့် အလျင်အမြန် ခြောက်သွေ့စေလိုက်ပြီး ကျွန်မ စားပွဲပေါ်မှစာကို ကောက်ယူလိုက်သည်။

"Dana ဆီကစာဟေ့"ဟု စိတ်လှုပ်ရှားစွာဖြင့် အစ်မကို လှမ်းအော် ပြောလိုက်မိသည်။ စာအိပ်ဖွင့် ကိရိယာကို လှမ်းယူနေစဉ် ကျွန်မ၏ စိတ်က လွန်ခဲ့သော (၂)နှစ် နွေရာသီတွင် သူငယ်ချင်းများနှင့်အတူ သွားရောက် လည်ပတ်ခဲ့သော ခရီးစဉ် တစ်ခုကို ပြန်လည် အမှတ်တရ ဖြစ်စေခဲ့သည်။

စွတ်စိုထိုင်းမှိုင်းသော လေထုက မွန်းကျပ်နေပြီး လူများနှင့်ပြည့် ကျပ်နေသော လမ်းတလျှောက် ဆင်းသွားခဲ့ရာမှာ ကျွန်မတို့အားလုံး၏ နီရဲသော မျက်နှာများပေါ် ချွေးများက စီးကျလျက် ရှိနေခဲ့သည်။ ဆည်း ဆာချိန်ရောက်သည့်တိုင် တနေ့တာ ပူပြင်းလှသည့်အပူက သိသိသာသာ ကျဆင်းမသွားခဲ့။

မီးရောင်ထိန်ထိန်လင်းအောင်ထွန်းထားသည့်ပန်းခြံလေးတစ်ခုအ ရောက်တွင် ပန်းခြံပတ်ဝန်းကျင် ဥဒဟိုသွားလာနေကြသော လူများနှင့် အတူပျော်ရွှင်စွာ အပန်းဖြေရန် ခေတ္တရပ်လိုက်ကြသည်။ စိတ်ထက်သန်ပြီး တက်ကြွစွာ လှုပ်ရှားနေကြသည့် ကလေးများတို့၏ မိသားစုများ၊ လက် ချင်းချိတ်လျက်သွားလာနေကြသည့် စုံတွဲများ၊ တခါတရံ စုဝေးသည့် ဆယ်ကျော်သက်များကို တွေ့မြင်နေရသည်။

မိနစ်အနည်းငယ်မျှအကြာတွင် ကျွန်မတို့အား ခပ်လှမ်းလှမ်းမှ စိတ်အားထက်သန်စွာ စူးစိုက်ကြည့်နေကြသည့် မိန်းကလေးနှစ်ဦးကို ကျွန်မ တို့ သတိထားမိခဲ့သည်။ ထို့ကြောင့်လည်း သူတို့ထံသို့ လျှောက်သွားပြီး မိတ်ဖွဲ့ခဲ့ရာ တစ်ယောက်သော မိန်းကလေး၏အမည်က Dana ဖြစ်– ပြီး အနီးအနားရှိ ကော်ဖီဆိုင်တွင် စားပွဲထိုးအဖြစ် လုပ်ကိုင်နေကြောင်း သိခွင့်ရခဲ့သည်။

"မင်းတို့က ခရစ်ယာန်တွေလား?"Dana က စတင် မေးမြန်းခဲ့ သည်။ကျွန်မတို့က ဟုတ်မှန်ကြောင်း ဖြေကြားလိုက်သောအခါ Dana က အားရပါးရပြုံးလိုက်ပြီး "ငါလည်း နှစ်အတော်ကြာကြာ ခရစ်ယာန်ဖြစ်ခဲ့တယ်။ ဒါပေမယ့် ယေရှုနဲ့ပတ်သက်တဲ့အကြောင်း ဒါမှမဟုတ် သူ့ကို ယုံကြည်တဲ့အ ကြောင်း စတဲ့အကြောင်းအရာတွေကို ငါသိပ်မသိဘူး။ ဘုရားသခင်ရဲ့ အကြောင်းနဲ့ ငါ့ဘဝအသက်တာအတွက် သူ့ရဲ့ ဆိုလိုချက်အဓိပ္ပါယ်ကို ပိုပြီးသိလာအောင် လေ့လာချင်တယ်" ဟု သူမက ရှင်းပြခဲ့သည်။

ကျွန်မတို့ အိမ်ပြန်ရောက်ပြီး လပေါင်းအတော်ကြာ Dana နှင့် ကျွန်မတို့ကြားစာခြင်းအဆက်အသွယ်ရှိနေခဲ့သည်။သမ္မာကျမ်းစာ သင်ခန်းစာ များနှင့် အခြားဖတ်ရှုစရာ လေ့လာစရာများကို ကျွန်မ ပို့ပေးခဲ့ရာ သူက စိတ် ထက်သန်စွာဖြင့် တုန့်ပြန်ခဲ့သည်။အခြားမြို့တစ်မြို့သို့ သူပြောင်းသွားခဲ့ သည့်တိုင် ကျွန်မတို့ အဆက်အသွယ် မပြတ်ခဲ့ပါ။ သူ၏ ရိုးဖြောင့် ပွင့်လင်းမှုနှင့် လေ့လာသင်ကြားလိုစိတ် ပြင်းထန်မှုကို ကျွန်မ အလွန်နှစ် သက်သည့်နည်းတူ ကျွန်မ၏ ခင်မင်ရင်းနှီးမှုကို သူမ တန်ဘိုးထားပုံရသည့် အပေါ်၌လည်း နှစ်သက်မိသည်။

ထို့နောက်တစ်ဦးထံတစ်ဦးတစ်နှစ်ကြာစာရေးခဲ့ကြပြီးမှ မည်သည့် အကြောင်းကြောင့်မှန်းမသိရဘဲ ကျွန်မရေးသည့် စာများကို သူက ပြန်ခြင်း ရပ်ဆိုင်းလိုက်သည်။ စာရေးခြင်းက ကျွန်မတို့နှစ်ဦးကြား တစ်ခုတည်းသော ဆက်သွယ်ရေးနည်း လမ်းဖြစ်သည့်အလျောက် သူမထံမှ ပြန်စာများကို လပေါင်းများစွာ မရတော့သည့်အဆုံးတွင် Dana တစ်ယောက် မိမိကို ဘယ်သောအခါမျှ ပျက်ကွက်မှု မရှိခဲ့သော၊ ဘယ်သောအခါမျှ တစ်ယောက် တည်းထားခဲ့မည်မဟုတ်သော 'သူ'၏ လက်ထဲတွင် ရှိနေပြီဟုသာ ကျွန်မ ယူ ဆလိုက်သည်။ ဤသို့ ထင်နေသည့်တိုင် ယခင်ကကဲ့သို့ အရေးတကြီး အတွေးတစ်ခု မကြာခဏဆိုသလို ကျွန်မ၏ စိတ်ထဲ ဖြစ်ပေါ်နေခဲ့သည်။

"Dana ဆီစာတစ်စောင်ရေးလိုက်"။

ထိုသို့ဖြစ်လာတိုင်း ထိုအတွေးကို ကျွန်မ ဦးခေါင်းထဲမှ ထုတ် ပစ်ခဲ့ရသည်။ ဤအချိန်ထိ ကျွန်မ၏ ကြိုးစားမှု မှန်သမျှ သဲထဲရေသွန်ဖြစ် ခဲ့ရပြီမဟုတ်ပါလား?။ကျွန်မသိသလောက်ကတော့ သူပြောင်းရွှေ့သွားခဲ့ပြီ ဖြစ်သည်။ အခြားတစ်နိုင်ငံသို့ ပြောင်းရွှေ့သွားခြင်းပင်ဖြစ်နိုင်သည်။

သို့သော်လည်း ဤအတွေးက ပြန်လာနေဆဲ "Dana ဆီ စာ တစ်စောင်ရေးလိုက်၊ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ သူရဲ့ ဘယ်တော့မှ ပျက်ကွက်ခြင်းမရှိတဲ့ ကတိတော်တွေအကြောင်းကို သတိပေး"

"ရေးလို့ကော ဘာအကြောင်းထူးမှာလဲ". . . ကျွန်မက ကျိုး ကြောင်းဆက်စပ်တွေးခေါ်ကြည့်သည်။ လပေါင်းများစွာ စာရေးခဲ့ပေမဲ့ တုန့် ပြန်မှုမရှိခဲ့တဲ့ အိမ်လိပ်စာကို ဘာဖြစ်လို့ စာရေးရမလဲ"။

ဤသို့ဖြင့်ရက်သတ္တပတ် အတော်များများအကြာတွင် နောက်ဆုံး စိတ်ဆုံးဖြတ်လိုက်သည်။ဤအခြင်းအရာကို မဖြေရှင်းမခြင်း၊စိတ်၏ငြိမ် သက်ခြင်းကို ကျွန်မ မည်သို့မှ မရနိုင်ကြောင်း လက်ခံလိုက်သည်။ ထို့ကြောင့် Dana က ကျွန်မကို ပေးခဲ့သော နောက်ဆုံးလိပ်စာဖြင့် သူမည်သည့်အရပ်တွင် ရှိစေကာမူ ယေရှုသည် သူ့ကို မည်သူနှင့်မှ မတူ အောင်ချစ်ပြီး သူ့အနားမှ ဘယ်သောအခါမျှ ခွာလိမ့်မည်မဟုတ်ကြောင်းကို အခိုင်အမာ သိစေခဲ့သည်။ စာထဲတွင် "မည်သည့် ဘဝအသက်တာမဆို ဆင်း ရဲဒုက္ခရောက်တဲ့အချိန်အခါများ ရှိပါတယ်။ ဘုရားရှင်ရဲ့ ချစ်ခြင်းမေတ္တာကို နားလည်ဘို့ ရုန်းကန်ရတဲ့အချိန်အခါဖြစ်စေ၊ သူ့စောင့်ရှောက်မှုကို ဆက် လက်ယုံကြည်ဘို့ကြိုးစားအားထုတ်ရတဲ့ အချိန်အခါဖြစ်စေလူတိုင်းလူတိုင်း အတွက် ခက်ခဲတဲ့အချိန်ကာလတွေ ရှိပါတယ်။ ဒါပေမယ့် အဲဒါတွေက သူဟာ အလုံးစုံကို သိနား လည်ပြီး ဉာဏ်ပညာပြည့်စုံကာ သင်နားလည် နိုင်သည်ထက်သင့်ကိုချစ်ကြောင်းဆက်လက်ယုံကြည်ကိုးစားဘို့ ရွေးချယ်ရန် ဖြစ်လာခဲ့တယ်"ဟု ကျွန်မ ရေးသားခဲ့သည်။

ရက်သတ္တပတ် (၂)ပတ်ခန့်အကြာတွင် ကျွန်မ ပြန်စာရရှိခဲ့သည်။ သို့သော် Dana ထံမှစာမဟုတ်ပါ။ Dana တစ်ယောက် သူ့ရဲ့ မွေးရပ်မြို့ဆီသို့ ပြန်လည်ပြောင်းရွှေ့ကြောင်းအသိပေးခဲ့သော Dana ၏ အဒေါ်ဖြစ်သူထံမှ စာသာဖြစ်သည်။ သူမ၏ အဒေါ်ဖြစ်သူက Dana ၏ အခန်းဟောင်းသို့ပြောင်း ရွှေ့လာခဲ့သောကြောင့် ထိုလိပ်စာဖြင့် ဤစာကို ပြန်ခဲ့ရကြောင်းကို ရှင်းရှင်းလင်းလင်း နားလည်ခဲ့ရသည်။ သူမ၏ စာထဲတွင်

"မင်းရဲ့ ပို့ခဲ့တဲ့စာတွေကို အဒေါ်ရဲ့တူမက အဒေါ်ကို ပြခဲ့တယ်။ ဒါကြောင့် အဲဒီစာကိုဖွင့်မိခဲ့တာကို ခွင့်လွှတ်ပါ။ မင်းရဲ့စာကို ဖတ်ရတဲ့အခါ တစုံတရာက ငါရဲ့နှလုံးသားကို ဖွင့်ခဲ့တယ်။ မင်းဟာ ငါ့ရဲ့ အသက်ထက် ထက်ဝက် ငယ်ပေမဲ့ သခင်ယေရှု မင်းကို သွန်သင်တဲ့ ဉာဏ်ပညာနဲ့မင်းငါ့ကို သွန်သင်ခဲ့တယ်။နောက်ပြီးသူမင်းကိုပေးတဲ့ချစ်ခြင်းမေတ္တာနဲ့ ငါတို့ကို မင်း ချစ်ခဲ့တယ်"ဟုရေးထားခဲ့သည်။ထို့ကြောင့် Dana ဆက်၍နေထိုင်ခြင်း မရှိ တော့သည့် အိမ်လိပ်စာသို့ ကျွန်မ၏ စာရေးသားလိုက်ခြင်းက မမျှော် လင့်ဘဲ ဖြစ်လာရသည့် အနေအထားထက် ပိုကြောင်းကို တွေ့ရသည်။

မိမိ၏စာက မူလရည်ရွယ်ထားခဲ့သူထံ မရောက်ခဲ့သော်လည်း ဘုရားသခင်က ကျွန်မအား စာရေးသားရန်အတွက် ဆက်လက် တိုက်တွန်း နှိုးဆော်ခဲ့သောအခါတွင် ဘုရားရှင်၏ စိတ်တော်၌ အခြားတစုံတဦး ရှိခဲ့ ကြောင်း မြင်သာသည်။

Dana ၏အဒေါ်ထံ ကျွန်မ စာပြန်ခဲ့ပြီး သူမအတွက် ဘုရားရှင်၏ ချစ်ခြင်းမေတ္တာအကြောင်း ပြောပြခါ သူ့အား သူမ၏ အသက်တာတွင်းသို့ ဖိတ်ခေါ်ရန် အားပေးတိုက်တွန်းခဲ့သည်။ . . . ထို့နောက် လများ ကုန် လွန်ခဲ့ပြီးနောက် စာတစ်စောင် ရောက်လာခဲ့သည်။

စာအိတ်ကိုဖွင့်ပြီး အထဲမှစာကိုဆွဲထုတ်လိုက်ခါ လက်ရေးလက် သား လှလှလေးဖြင့် ရေးထားသော အကြောင်းအရာများကို စိတ်ဝင်တစား ကြည့်ရှုလိုက်သည်။

"လပေါင်းများစွာဘဲ အရာရာက ဆိုးသထက်ဆိုးလာခဲ့တဲ့အတွက် ငါ့မွေးရပ်မြို့ကို ပြန်သွားခဲ့ရတယ်။ အလုပ်သစ်တစ်ခုကို ငါရှာဖွေနေပြီး ခု– ထက်ထိအိမ်လိပ်စာအတည်တကျ မရသေးဘူး။ နင် ငါ့ဆီစာပြန်ဘို့ လိပ်စာ အတည်တကျ မရမချင်း ငါနင့်ဆီစာပြန်လို့မဖြစ်သေးဘူးလို့ ငါထင်ခဲ့တယ်။ ဒါပေမဲ့ ဒီနေ့ ငါ့အဒေါ်ဆီဖုန်းဆက်တဲ့အခါ သူက နင့်အကြောင်းကို ပြော ပြခဲ့တယ်။ ငါလေ သိပ်ပြီး ပျော်ခဲ့ရသလို အံ့အားလည်း သင့်ခဲ့ရတယ်။ အံ့အားသင့်ခဲ့ရတာက နင်ငါ့ကို မမေ့ခဲ့တဲ့အတွက်ပါ။ ပျော်ခဲ့ရတာက ဘုရားရှင်ကလည်း ငါ့ကို မမေ့သေးတဲ့အတွက်ပါဘဲ။ ဒီမှောင်မိုက်နေတဲ့ ဥမင်လိုဏ်ခေါင်းရဲ့အဆုံးမှာ မကြာခင် အလင်းကို ငါတွေ့ရလိမ့်မယ်ဆိုတာ ငါသိနေတယ်"ဟု သူက ရေးခဲ့သည်။

ထိုတဒင်္ဂအချိန်ကလေးမှာပင် ကျွန်မ ပြန်လည်သိရှိ နားလည် လိုက်ရသည့်အခြင်းအရာက ဘုရားသခင်က ကျွန်မတို့အား ပြုလုပ်ရန်တောင်း ဆိုသည့်အရာတိုင်း၏ နောက်ကွယ်တွင် သူ၏ ရည်ရွယ်ချက်ရှိသည် ဆို ခြင်းပင်။ ကျွန်မတို့အနေနှင့်ချက်ခြင်း လက်ငင်း နားမလည်နိုင်သော်လည်း မိမိတို့၏ အပိုင်းကို ဖြည့်ဆည်းရန်အတွက် ပထမ ခြေလှမ်းကိုလှမ်းလျှင် အံ့သြစရာ မည်သည့်အရာမဆို ဖြစ်နိုင်ပါသည်။ Elisabeth Sichrovsky